# Minutes of Myanmar Language Information Management Network Meeting

*29th November 2022, 2PM MMT, online via Zoom*

## Agenda

1. A trend analysis on the status of Women Civil Society Organisations in Myanmar 2022 - *Presented by UNWomen*
2. MIMU 5W Data Checking Template – *Presented by MIMU*
3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
4. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: Aliance, ARC, Bestshelter, BIMM, CARE, CESVI, Edu Cluster, GNI, ILO, Ipas, JOICFP, MI, MSU, MAG, MHAA, MIMU, MRCS, NAG, Nyein, SDF, SWISSAID, HALO, ILF, UNWomen, UNICEF, UNOPS, UNODC, USAID, WFP, WV, YFS (40 participants from 31 organisations)

## 1. A trend analysis on the status of Women Civil Society Organisations in Myanmar 2022 – *Presented by UNWomen*

CSO Trend Analysis Study ခေါင်းစဉ်ဖြင့် UNWomen မှ ဆရာမ ဒေါ်ချောစုနွယ်က ဆွေးနွေး ပြောပြခဲ့ပါသည်။ UN Women အနေဖြင့် Women Right နဲ့ ပတ်သတ်ပြီး လုပ်ဆောင်နေသော အဖွဲ့များ၊ အမျိုးသမီး ဦးဆောင်သော အဖွဲ့အစည်းများ၊ Gender နဲ့ ပတ်သတ်ပြီး လုပ်ဆောင်နေသော အဖွဲ့များကို ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် အဖွဲ့အစည်းများ၏ operation များအနေဖြင့် safety and security နှင့်ပတ်သက်သော အခြေအနေများကို စစ်တမ်းငယ် တစ်ခု ကောက်ယူခဲ့ပါသည်။ ၎င်းနောက် တစ်နှစ်ပြည့်ပြီးချိန် ယခုတွင် အမျိုးသမီး CSOများ မည်သို့ အခြေအနေ အပြောင်းအလဲများ ရှိကြောင်းကို ထပ်မံသိရှိနိုင်စေရန်နှင့် စစ်တမ်း ၂ ခု ကြားကွာခြားမှုများကို နှိုင်းယှဉ် သိရှိနိုင်စေရန် စစ်တမ်းတစ်ခု ထပ်မံကောက်ယူခဲ့ပြီး အဓိကတွေ့ရှိချက်များကိုလဲ MIMU Website တွင် Launch လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Research တွင် အဖွဲ့အစည်းအကြောင်း၊ လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများ၊ Operations၊ Finance နှင့် ပတ်သတ်သော စိန်ခေါ်မှုများ၊ development partners များ၊ doner များဆီမှ မျှော်လင့်မှုများ တို့နှင့် ပတ်သတ်သော မေးခွန်း ၃၅ ခု ပါဝင်ပြီး အဖွဲ့ပေါင်း ၈၄ ဖွဲ့မှ အပြည့်အဝတုံ့ပြန်ဖြေကြားပေးခဲ့ပါသည်။ ရလဒ်များမှ အဓိက တွေ့ရှိချက်များကို Safety and Security၊ ရန်ပုံငွေရရှိရန် စိန်ခေါ်မှုများ၊ Partnerships၊ အဖွဲ့အစည်းမှ လိုအပ်ချက်များ စသော အပိုင်း ၄ခုပေါ်တွင် ဦးတည်ကာ အကျဉ်းချုံး ပြောပြခဲ့ပြီး စစ်တမ်းပေါ် မူတည်ပြီး အကြံပြုချက်များကိုလဲ ထည့်သွင်းပြောပြခဲ့ပါသည်။ ထို့နောက် UNWomen မှ ဖြေကြားခဲ့သော အဖွဲ့အစည်းများမှ ၁၅ ဖွဲ့ခန့်ကို ဖိတ်ကြားပြီး UN Country Team ၏ Human Right Team Group နှင့် တွေ့ဆုံရန်စီစဉ်ပေးပြီး Consultation Workshop လုပ်ခဲ့ကြောင်း၊ စစ်တမ်း၏ တွေ့ရှိချက်များကို အခြေခံ၍ UNWomen က အမျိုးသမီး CSO အဖွဲ့ငယ် ၂၀ အား ကူညီပံ့ပိုးမှုပြုလုပ်ရန် project တစ်ခုကို အကောင်အထည်ဖော်လျက်ရှိကြောင်း ထပ်မံဖြည့်စွက် ပြောကြားခဲ့ပါသည်။

## 2. MIMU 5W Data Checking Template – *Presented by MIMU*

MIMU မှ ဆရာမ ဒေါ်အိအိသိန်းမှ MIMU 5W Data Checking/ Data Cleaning လုပ်ဆောင်ပုံကို ရှင်းလင်းပြောပြပေးခဲ့ပါသည်။ MIMU 5W ကို ၆ လ တစ်ကြိမ် ကောက်ခံပြီး အများအားဖြင့် အေဂျင်စီ ၂၀၀ ဝန်းကျင်မှ ပေးပို့ကြပါသည်။ အဖွဲ့အစည်းအားလုံးမှ Standard Data Entry Form တစ်ခုတည်းဖြင့် ပေးပို့ကြပါသော်လည်း Data Row ပေါင်း တစ်သိန်းခွဲခန့်ကို စစ်ဆေးပေါင်းစပ်ပြီး မြေပုံနှင့် အခြားသော products များ ပြုလုပ်နိုင်ရန် ၃ ပတ်ခန့် Data Cleaning လုပ်ရပါသည်။ အဓိက စစ်ဆေးရသည့် အချက်အလက်မှာ ကျေးရွာ/ကျေးရွာအုပ်စု စသည့် နေရာဒေသ အမည်များဖြစ်ပြီး ကဏ္ဍ/ကဏ္ဍခွဲအမည်များ၊ စီမံကိန်းကာလများ၊ စီမံကိန်း ဦးတည်အုပ်စုများ စသည်တို့ကိုလည်း တသမတ်တည်း ဖြစ်အောင် စစ်ဆေးကာ အချက်အလက်ပေးပို့သော အဖွဲ့အစည်းများနှင့် မေးမြန်းအတည်ပြုကာ လိုအပ်သလို ပြင်ဆင်မှုများ ပြုလုပ်ရကြောင်းပြောကြားခဲ့ပါသည်။ ထိုသို့လုပ်ဆောင်နိုင်ရန် Data Checking/Cleaning Excel Template တစ်ခု ဖန်တီးထားပြီး ထို Template ဖြင့် အချက်အလက်စစ်ဆေးသန့်စင်သည့် အဆင့်ဆင့် လုပ်ဆောင်ပုံကို Sample Data ထည့်သွင်းပြီး လက်တွေ့ အသေးစိတ် ရှင်းလင်းပြောပြသွားခဲ့ပါသည်။ အခြားသော application (ဥပမာ - Python) ဖြင့် ယင်းလုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်သော်လည်း Excel သည် လူအများ သုံးနိုင်သော tool တစ်ခုဖြစ်သောကြောင့် ယင်း cleaning/checking template သည် ပို၍အသုံးဝင်ကြောင်းလည်း ပြောကြားခဲ့ပါသည်။ တက်ရောက်သော အဖွဲ့အစည်းများမှလဲ ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်ဖလှယ်ပြီး အပြန်အလှန်မျှဝေပေးခဲ့ပါသည်။

5W Page - http://themimu.info/5w-maps-and-reports

## 3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**The HALO Trust။** Mine Clearance ကို ဦးစားပေး လုပ်ဆောင်ပြီး လက်ရှိတွင် NGS နှင့် ERW(မိုင်းအန္တရာယ် ရှင်းလင်းရေး) ကို လုပ်ဆောင်နေပါသည်။ ရှမ်း၊ ကချင်၊ ကရင်၊ ရန်ကုန် တို့တွင် လုပ်ဆောင်နေပြီး Partner များနှင့်လဲ လုပ်ဆောင်ပါသည်။ Covid နောက်ပိုင်းတွင် NGO၊ INGO များမှ EORE နှင့် First Aid အကူအညီတောင်းပါက ပေးပါသည်။

**WASH Cluster။** ၁၈ ရက်မှ ၂၂ ရက် နိုဝင်ဘာတွင် တောင်ကြီးတွင် ရှမ်းတောင်နှင့် ကယားမှ WASH Partner များအတွက် WASH in Emergency နှင့် Information Management တွဲပြီး ၅ ရက်တာသင်တန်း လုပ်ခဲ့ပါသည်။ Information Management အနေဖြင့် Assessment နှင့် ပတ်သတ်သည်များ၊ Mirror နှင့် ဆက်စပ်သည်များ၊ နောက်ဆုံးတစ်ရက်တွင် Information Management ကို ရှင်းပြပြီး Data Entry Form လုပ်ဆောင်ပုံများနှင့် Reporting အတွက် လိုအပ်နိုင်သည်များကို သင်ပြခဲ့ပါသည်။ Excel Manual အတွက်လဲ MIMU ကို credit ပေးပြီး သင်ကြားပေးကြောင်း ပြောပြပေးခဲ့ပါသည်။

**MIMU။** သင်တန်းများအနေဖြင့် Basic GIS Training ကို ဒီဇင်ဘာလအတွင်းမှာ လုပ်ရန်ရှိပါသည်။ Advanced Excel Training ကို ပြုလုပ်ပေးထားပြီး Basic Excel Training ကို Distance Learning အနေဖြင့် ရခိုင်တွင်ရှိသော အဖွဲ့အစည်းများကို ဦးတည်ဖိတ်ခေါ် ပြီး၊ Zoom Basic Excel Training ကို National NGOs များကို MNGO Network မှတဆင့် ဦးတည်ဖိတ်ခေါ်ခဲ့ပါသည်။ နောက်နှစ်တွင်လဲ IM Network (Myanmar Language) Meeting များ

တစ်လခြားတစ်ခါ လုပ်သွားမည်ဖြစ်ပြီး Organizational Data Protection Policy ကို ယခင်လုပ်တုန်းက မတက်ရောက်နိုင်ခဲ့သော အချို့အေဂျင်စီများ တက်ရောက်နိုင်စေရန် တစ်ကြိမ် ထပ်မံလုပ်ဖို့ရှိပါမည်။ MIMU Map Maker သုံးပြီး ကိုယ်တိုင်မြေပုံများ မည်သို့လုပ်ဆောင်နိုင်မည်ကို ပြောပြပေးသော ဆက်ရှင်လဲ လုပ်ဖို့ရှိပြီး MIMU Baseline Dataset ကို PowerBI နှင့် Indicator အလိုက် ရရှိနိုင်သော သတင်းအချက်အလက်ပေါ်မူတည်ပြီး သတင်းအချက်အလက်ကို မြန်ဆန်စွာ ကြည့်နိုင်ရန် Dashboard လုပ်ဆောင်နိုင်ပုံကိုလဲ ပြောပြပေးဖို့ ရှိပါသည်။

## 6. အခြားဆွေးနွေးမှုများ

နောက် တစ်ကြိမ် အစည်းအဝေး ကို ဇန်နဝါရီလ နောက်ဆုံးအပတ် ၂၅ ရက်နေ့တွင် လုပ်မည်ဖြစ်ပါသည်။ အဖွဲ့အစည်းများအနေဖြင့် IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက မအိအိသိန်း၊ ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။